နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ငွေစုဘဏ်လုပ်ငန်းဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၂)

၁၃၅၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငွေစုဘဏ်လုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ငွေစုဘဏ်** ဆိုသည်မှာ ငွေစုဘဏ်စာရင်း ဖွင့်လှစ်ပေးခြင်းနှင့် ငွေစုလက်မှတ်ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံပိုင်ငွေကြေးရေးအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေစုဘဏ်ခွဲနှင့် ငွေစုဘဏ်ရုံးခွဲတို့လည်း ပါဝင်သည်၊

(ခ) **ငွေစုသူ** ဆိုသည်မှာ ဤဥပဒေအရ ငွေစုဘဏ်စာရင်းဖွင့်လှစ်စုဆောင်းသူသို့မဟုတ် ငွေစုလက်မှတ် ဝယ်ယူစုဆောင်းသူကို ဆိုသည်၊

(ဂ) **စုငွေ** ဆိုသည်မှာ ငွေစုဘဏ်စာရင်းသို့ ပေးသွင်းအပ်နှံငွေ သို့မဟုတ် ငွေစုလက်မှတ်ဝယ်ယူစုဆောင်းငွေကို ဆိုသည်၊

(ဃ) **ငွေစုမှတ်တမ်း** ဆိုသည်မှာ ငွေစုဘဏ်စာရင်းသို့ ပေးသွင်းအပ်နှံငွေနှင့် စပ်လျဉ်း၍ ငွေစုသူအား ငွေစုဘဏ်က ထုတ်ပေးထားသော စာအုပ်၊ လက်မှတ် သို့မဟုတ် ကတ်ပြားကိုဆိုသည်၊

(င) **အရွယ်မရောက်သေးသူ** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆိုသည်၊

(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

ငွေစုဘဏ်လုပ်ငန်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူများ၏ ချွေတာစုဆောင်းခြင်း အလေ့အထကို ပြုစုပျိုးထောင်ရန်၊

(ခ) လုံခြုံစိတ်ချရသော ငွေစုနည်းဖြင့် စုဆောင်းကြစေရန်၊

(ဂ) ငွေအရင်းအနှီး စုဆောင်းခြင်း အလေ့အထ တိုးတက်စေရန်၊

(ဃ) ပြည်သူများ၏ စားဝတ်နေရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်။

အခန်း(၃)
ငွေစုဘဏ်စာရင်း ဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူခြင်း

၄။ အရွယ်ရောက်သူ မည်သူမဆို မိမိအတွက် ငွေစုဘဏ်စာရင်း ဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူခြင်းပြုနိုင်သည်။

၅။ အရွယ်ရောက်သူသည် အရွယ်မရောက်သေးသူအတွက် -

(က) ငွေစုဘဏ်စာရင်း ဖွင့်လှစ်နိုင်သည်၊

(ခ) ငွေစုလက်မှတ် ဝယ်ယူနိုင်သည်။ သို့ရာတွင် ငွေစုလက်မှတ် တစ်ခု ဝယ်ယူရာတွင် အရွယ်မရောက်သေးသူ နှစ်ဦးထက် မပိုစေရ။

၆။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အရွယ်ရောက်သူများသည် တွဲဖက်၍ ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူခြင်း ပြုနိုင်သည်။

၇။ အောက်ပါအဖွဲ့အစည်းများသည် မိမိတို့ပိုင် ရန်ပုံငွေများကို ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူစုဆောင်းခြင်းပြုနိုင်သည် -

(က) ချွေတာစုဆောင်းရေးနှင့် သက်သာချောင်ချိရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊

(ခ) စာကြည့်တိုက်များ၊

(ဂ) ဘာသာရေးအဖွဲ့အစည်းများ၊

(ဃ) သမဝါယမအသင်းများ၊

(င) အသင်းအဖွဲ့များ၊

(စ) တပ်ရင်း၊ တပ်ဖွဲ့များ၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာ ခွင့်ပြုသော အဖွဲ့အစည်းများ။

၈။ အာမခံတင်သွင်းရန် တာဝန်ရှိသူသည် သက်ဆိုင်ရာ အာမခံတောင်းဆိုသည့်ဌာန သို့မဟုတ် အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် အာမခံတင်သွင်းရမည့် ငွေအတွက် ငွေစုဘဏ် စာရင်းဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ် ဝယ်ယူခြင်းပြုနိုင်သည်။

၉။ မည်သူမျှ နိုင်ငံတော်ပိုင် ငွေကြေးဖြင့်ဖြစ်စေ၊ နိုင်ငံတော်က ငွေကြေးထည့်ဝင်ထားသော အဖွဲ့အစည်းပိုင်ငွေဖြင့်ဖြစ်စေ၊ ငွေစုဘဏ်စာရင်း ဖွင့်လှစ်ခွင့် သို့မဟုတ် ငွေစုလက်မှတ် ဝယ်ယူခွင့်မရှိစေရ။

အခန်း(၄)

ငွေစုသူ၏ ရပိုင်ခွင့်နှင့်တာဝန်များ

၁၀။ ငွေစုသူသည် -

(က) ငွေစုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် အတိုးငွေများ ရပိုင်ခွင့် ရှိသည်၊

(ခ) သတ်မှတ်ချက်များနှင့်အညီ ငွေစုဘဏ်စာရင်းကိုဖြစ်စေ၊ ငွေစုလက်မှတ်ကို ဖြစ်စေ အခြားငွေစုဘဏ်ရုံးခွဲ တစ်ခုခုသို့ ပြောင်းရွှေ့ခွင့်ရှိသည်၊

(ဂ) အရွယ်မရောက်သေးသူအတွက် ဝယ်ယူထားသော ငွေစုလက်မှတ်မှ တစ်ပါး အခြားသော ငွေစုလက်မှတ်ကို ဝယ်ယူပြီး ၁ နှစ်ပြည့်သည့်အခါ အခြားသူ တစ်ဦးဦးသို့ ဘဏ်၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးခွင့်ရှိသည်၊

(ဃ) ငွေစုလက်မှတ်ကို ဝယ်ယူပြီး ၁ နှစ်ပြည့်သည့်အခါ ငွေထုတ်ယူခွင့်ရှိသည်၊

(င) အရွယ်မရောက်သေးသူဖြစ်ပါက မိမိအတွက် စုငွေကို မိမိအရွယ်ရောက်သည့် နေ့မှစ၍ ကိုယ်တိုင်ငွေထုတ်ယူပိုင်ခွင့်ရှိသည်၊

(စ) ပုဒ်မ ၆ အရ တွဲဖက်၍ ငွေစုဘဏ်စာရင်း ဖွင့်လှစ်ထားခြင်း သို့မဟုတ် ငွေစုလက်မှတ်ဝယ်ယူထားခြင်းဖြစ်ပါက တစ်ဦးဦးသေဆုံးလျှင် ကျန်တစ်ဦးဦး သို့မဟုတ် ကျန်ရှိသူများက ငွေထုတ်ယူခွင့်ရှိသည်၊

(ဆ) ငွေစုမှတ်တမ်း သို့မဟုတ် ငွေစုလက်မှတ် ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းအတွက် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အခကြေးငွေ ပေးဆောင်ကာ အသစ်ထုတ်ပေးရန် တောင်းခံခွင့်ရှိသည်။

၁၁။ ငွေစုသူသည် ငွေစုဘဏ်စာရင်း ဖွင့်လှစ်သည့်အခါ သို့မဟုတ် ငွေစုလက်မှတ် ဝယ်ယူသည့်အခါ မိမိ၏စုငွေနှင့် အတိုးခံစားခွင့်များကို အောက်ပါအစီအစဉ်အရသာ အကျိုးခံစားခွင့် လွှဲအပ်ထားနိုင်သည် -

(က) ဇနီး၊ ခင်ပွန်း၊ သားသမီး သို့မဟုတ်

(ခ) ယင်းတို့မရှိလျှင် မြေး သို့မဟုတ်

(ဂ) ယင်းတို့မရှိလျှင် ညီအစ်ကို၊ မောင်နှမ၊ မိဘ သို့မဟုတ်

(ဃ) ယင်းတို့မရှိလျှင် အခြားသူများ။

၁၂။ ငွေစုသူသည် မိမိအကျိုးခံစားခွင့် လွှဲအပ်ထားသူ၏ အမည်စာရင်းကို ပြင်ဆင်ဖြည့်စွက်လိုပါက ပုဒ်မ ၁၁ ပါ အစီအစဉ်အရသာ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

၁၃။ ငွေစုသူသည် -

(က) ငွေစုမှတ်တမ်းနှင့် ငွေစုလက်မှတ်တို့ကို လုံခြုံစွာ ထိန်းသိမ်းရန် တာဝန်ရှိသည်၊

(ခ) ငွေစုမှတ်တမ်းကိုဖြစ်စေ၊ ငွေစုလက်မှတ်ကိုဖြစ်စေ မိမိက ပေါ့လျော့စွာထားရှိခြင်းကြောင့် တစ်ဦးတစ်ယောက်သောသူက ရရှိပြီး လိမ်လည် ငွေထုတ်ယူသွားခြင်းအတွက် မိမိတွင်သာ တာဝန်ရှိသည်ဟု မှတ်ယူရမည်၊

(ဂ) စုငွေနှင့်စပ်လျဉ်း၍ ဘဏ်က တစ်နည်းနည်းဖြင့် ပိုမိုထုတ်ပေးခဲ့သော ငွေကို ဘဏ်သို့ မပျက်မကွက် ပြန်လည်ပေးအပ်ရန် တာဝန်ရှိသည်၊

(ဃ) ငွေစုမှတ်တမ်းတွင် ပါရှိသော ဘဏ်၏ တရားဝင် ရေးသွင်းချက်တစ်စုံတစ်ရာမှားယွင်းနေကြောင်း တွေ့ရှိရပါက ဘဏ်သို့အမြန်ဆုံး သတင်းပို့ရမည်။

အခန်း(၅)
ငွေစုဘဏ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ ငွေစုဘဏ်သည် လုံလောက်သော အကြောင်းရှိပါက -

(က) ငွေစုဘဏ်စာရင်း ဖွင့်လှစ်ပေးရန် သို့မဟုတ် ငွေစုလက်မှတ် ဝယ်ယူခွင့်ပြုရန် ငြင်းပယ်နိုင်သည်၊

(ခ) ဖွင့်လှစ်ထားပြီးသော ငွေစုဘဏ်စာရင်းကို ပိတ်ခြင်း သို့မဟုတ် ရောင်းချထားပြီးသော ငွေစုလက်မှတ်ကို ငွေပြန်အမ်းခြင်းပြုနိုင်သည်။

၁၅။ ငွေစုဘဏ်သည် ငွေစုဘဏ်စာရင်း ဖွင့်လှစ်စုဆောင်းငွေအပေါ် ပေးမည့်အတိုးနှုန်းနှင့် တွက်ချက်သည့် နည်းလမ်းများ၊ ဝယ်ယူပြီး ၁ နှစ်ပြည့်တိုင်းငွေစုလက်မှတ် အမျိုးအစားတစ်ခုစီအတွက်ပေးမည့် အတိုးငွေပါဝင်သော တိုးရင်းဇယားတို့ကို အခါအားလျော်စွာသတ်မှတ်ကြေညာရမည်။

၁၆။ ငွေစုဘဏ်သည် အောက်ပါတို့ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

(က) ငွေစုဘဏ်စာရင်းတွင် အနည်းဆုံးနှင့် အများဆုံးထားနိုင်ခွင့်ရှိသည့် လက်ကျန်ငွေပမာဏ၊

(ခ) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုက အများဆုံး ဝယ်ယူခွင့်ရှိသော ငွေစုလက်မှတ် ပမာဏ၊

(ဂ) ငွေစုလက်မှတ် အမျိုးအစားနှင့် သက်တမ်း။

၁၇။ ငွေစုဘဏ်သည် ငွေစုလက်မှတ်များကို ဝယ်ယူပြီး ၁ နှစ်မပြည့်သေးသော်လည်း အောက်ပါ အခြေအနေများ ပေါ်ပေါက်လာသည့်အခါ အတိုးမဲ့ ငွေထုတ်ပေးနိုင်သည် -

(က) ငွေစုသူသေဆုံး၍ အကျိုးခံစားခွင့် လွှဲအပ်ခြင်းခံရသူက တောင်းဆိုသည့် အခါ ၊

(ခ) အများဆုံး ဝယ်ယူနိုင်ခွင့် ကန့်သတ်ချက်ထက် ကျော်လွန်သဖြင့် ငွေစုဘဏ်က ပြန်လည်ထုတ်ယူစေသည့်အခါ၊

(ဂ) အာမခံတင်သွင်းထားသော ငွေစုလက်မှတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမှ အာမခံကင်းလွတ်ခွင့်ပြုသည့်အခါ သို့မဟုတ် အာမခံဖောက်ဖျက်၍ သက်ဆိုင်ရာမှ တောင်းဆိုသည့်အခါ၊

(ဃ) ငွေစုသူ ပြည်သူ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ၊

(င) ငွေစုသူ နိုင်ငံရပ်ခြားသို့ အပြီးအပိုင် ထွက်ခွာသွားမည်ဖြစ်သည့်အခါ၊

(စ) တစ်ဦးတစ်ယောက်သောသူက တရားရုံး၏အမိန့်အရ ငွေထုတ်ပေးရန် တောင်းဆို သည့်အခါ၊

(ဆ) ငွေစုသူအနေဖြင့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် သို့မဟုတ် မလွှဲမရှောင်သာသော အကြောင်းတစ်ခုခုကြောင့် ပြန်လည်ထုတ်ပေးရန် လျှောက်ထားသည့်အခါ၊

၁၈။ ငွေစုဘဏ်သည် -

(က) ငွေစုမှတ်တမ်းနှင့် ငွေစုလက်မှတ်တို့တွင် အမည်ပေါက်သူကိုသာ စုငွေပိုင်ရှင်အဖြစ် အသိအမှတ်ပြုရမည်။ ယင်းစုငွေပိုင်ရှင်ကိုသာ ငွေထုတ်ယူခွင့်ပြုရမည်၊

(ခ) ငွေစုသူ သေဆုံးသည့်အခါ အကျိုးခံစားခွင့် လွှဲအပ်ထားခြင်းခံရသူအား ငွေထုတ်ပေးရမည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားခြင်းမပြုရ၊

(ဂ) အကျိုးခံစားခွင့် ပြုလုပ်ထားခြင်း မရှိသော ငွေစုသူ သေဆုံးပါက စုငွေလက်ကျန်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးရမည်၊

(ဃ) ငွေစုသူတစ်ဦး ရူးသွပ်သွားသည့်အခါတွင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏ အမှုကိစ္စများကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ၄င်းအားတရား၀င် အုပ်ထိန်းသူ သို့မဟုတ် အုပ်ချုပ်သူကို သတ်မှတ်သည့် နည်းလမ်းများအတိုင်း စုငွေထုတ်ပေးရမည်၊

(င) ငွေစုသူသည် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသော စစ်မှုထမ်းဖြစ်ပါက ၄င်းသေဆုံးသည့်အခါ သို့မဟုတ် တပ်မှထွက်ပြေးသည့်အခါသို့မဟုတ် အမှန်ရူးသွပ်သည်ဟု သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စုံစမ်းသိရှိရသည့်အခါ သို့မဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေသည်ဟု အကြောင်းကြားခြင်းခံရသည့်အခါ အဆိုပါ စစ်မှုထမ်းသည် အရာရှိဖြစ်ပါက သက်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က တောင်းခံလျှင်ဖြစ်စေ၊ အရာရှိမဟုတ်လျှင် သက်ဆိုင်ရာ တပ်ရင်းမှူးက တောင်းခံလျှင်ဖြစ်စေ စုငွေလက်ကျန်နှင့် ကျသင့်သော အတိုးငွေများ ထုတ်ပေးရမည်၊

(စ) အရွယ်မရောက်သေးသူက မိမိအတွက် စုငွေကို ကိုယ်တိုင်ငွေထုတ်ယူလိုကြောင်း တောင်းဆိုခဲ့ပါက ထိုသူအရွယ်ရောက်သည့်နေ့မှစ၍ ငွေထုတ်ယူခွင့် ပြုရမည်။

၁၉။ ပုဒ်မ ၁၈ အရ ငွေထုတ်ပေးပြီးသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငွေစုဘဏ်တွင် နောက်ထပ်တာဝန်မရှိစေရ။

၂၀။ ငွေစုဘဏ်သည် မိမိ၏ပေါ့လျော့မှုကြောင့် ငွေစုသူတွင် ပေါ်ပေါက်ရသော ငွေကြေး နစ်နာဆုံးရှုံးမှုများအတွက် တာဝန်ရှိစေရမည်။

၂၁။ ငွေစုဘဏ်သည် ဥပဒေနှင့်အညီ ယာယီတားမြစ်ထားသည့် ကိစ္စရပ်များမှတစ်ပါး ငွေစုသူ သို့မဟုတ် အကျိုးခံစားခွင့်လွှဲအပ်ထားခြင်းခံရသူအား ငွေထုတ်ပေးရန် ငြင်းဆိုခြင်း၊ ဆိုင်းငံ့ခြင်းမပြုရ။

၂၂။ ငွေစုဘဏ်သည် စုငွေနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် ပိုမိုထုတ်ပေးခဲ့သော ငွေများကို ငွေစုသူက ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့လျှင် ယင်းငွေများကို တစ်နည်းနည်းဖြင့် ခုနှိမ်ရယူခြင်း သို့မဟုတ် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခြင်း ပြုနိုင်သည်၊

အခန်း(၆)

တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမျှ ငွေစုမှတ်တမ်းတွင် ပါရှိသော ဘဏ်၏တရားဝင် ရေးသွင်းချက် တစ်စုံတစ်ရာကို ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း မပြုရ။

၂၄။ မည်သူမျှ ငွေစုဘဏ်၏ ခွင့်ပြုချက်မရရှိဘဲ ငွေစုမှတ်တမ်းကိုဖြစ်စေ၊ ငွေစုလက်မှတ်ကိုဖြစ်စေ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

၂၅။ မည်သည့် ငွေစုဘဏ်ဝန်ထမ်းမဆို ငွေစုသူ၏ အမည်၊ စာရင်းအမှတ်၊ စုငွေ၊ ထုတ်ငွေ၊ စုငွေလက်ကျန် ပမာဏတို့ကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

၂၆။ မည်သူမျှ စုငွေတစ်စုံတစ်ရာကို လိမ်လည်ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် ကြိုးစားအားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း မပြုရ။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ သို့မဟုတ် ၂၄ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ ငွေစုဘဏ်ဝန်ထမ်းသည် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုဝန်ထမ်းအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ် အထိ ချမှတ်ရမည်။ ထို့ပြင် သက်သေခံငွေနှင့် ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

အခန်း(၇)

အထွေထွေ

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းများက လုပ်ကိုင်ဆောင်ရွက်သည့် ငွေစုဘဏ်များနှင့်သာ သက်ဆိုင်စေရမည်။

၃၁။ ငွေစုဘဏ်စာရင်းမှ ငွေထုတ်ယူရာတွင်ဖြစ်စေ၊ ငွေစုလက်မှတ်များကို ငွေအဖြစ် လဲယူရာတွင်ဖြစ်စေ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရှိစေရမည်။ သို့ရာတွင် ချက်လက်မှတ်ကို အသုံးပြု၍ ငွေစုဘဏ်စာရင်းမှ ငွေထုတ်ယူခြင်းနှင့် မသက်ဆိုင်စေရ။

၃၂။ သေဆုံးသွားသည့် ငွေစုသူ၏စုငွေလက်ကျန်အတွက် အမွေထိန်း သို့မဟုတ် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားရာတွင် ဥပဒေအရ ပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရှိစေရမည်။ ထိုသို့ ကင်းလွတ်ခွင့်ရရှိရန် ဘဏ်ကလက်ကျန် ငွေမှန်ကန်ကြောင်း ထောက်ခံစာထုတ်ပေးရမည်။

၃၃။ ငွေစုဘဏ်စာရင်းနှင့် ငွေစုလက်မှတ်မှ ရရှိသည့် အတိုးငွေအပေါ် ဝင်ငွေခွန်သော်လည်းကောင်း၊ အမြတ်ခွန်သော်လည်းကောင်း ကောက်ခံခြင်း မပြုရ။ ထို့အပြင်

ယင်းအတိုးရငွေကို အခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ တွက်ချက်ရာတွင်လည်း ထည့်သွင်းခြင်းမပြုရ။

၃၄။ ငွေစုဘဏ်စာရင်းသေ၏ လက်ကျန်ငွေကို ဘဏ်၏ဝင်ငွေအဖြစ် သတ်မှတ်၍ စာရင်း ပြောင်းလဲခြင်း မပြုရ။

၃၅။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေများအရ ဖွင့်လှစ်ထားသည့် ငွေစုဘဏ် စာရင်းများ၊ ဝယ်ယူထားသည့် ငွေစုလက်မှတ်များသည် ဤဥပဒေအရ ဖွင့်လှစ်ထားသည့် ငွေစုဘဏ်စာရင်းများ၊ ဝယ်ယူထားသည့် ငွေစုလက်မှတ်များဖြစ်သည်ဟု မှတ်ယူရမည်။

၃၆။ ငွေစုဘဏ်နှင့်သက်ဆိုင်သော တည်ဆဲနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ငွေစုဘဏ်သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၈။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Government Savings Banks Act, 1873.

(ခ) The Savings Certificates Act, 1947.